[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇူလိုင်လ ၁၉ရက်၊ ၂၀၂၃ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇူလိုင်လ ၃ ရက်နေ့မှ ၁၆ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်


## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇူလိုင်လ ၂ ရက်၊ ၂၀၂၃ | ဇူလိုင်လ ၃ ရက်မှ ၁၆ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၀၀ | ၅ | ၄၀၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၃၄ | ၈ | ၄၄၂ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၆ | | ၁၆၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၁ | ၃ | ၆၀၄ |
| | ဖယ်ခုံမြို့နယ် | ၃၄၉ | ၇ | ၃၅၆ |
| | ဖရူဆိုမြို့နယ် | ၇၇ | ၁ | ၇၈ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁ | ၁၅ | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၁၂ | | ၁၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |

| | | | | |
|---|---|---|---|---|
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဇူလိုင် ၂ ရက်နေ့အထိ ၂၀၂၃** | **IDPs အသစ် ဇူလိုင်လ ၃ ရက် – ဇူလိုင်လ ၁၆ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လိုင်လ(၃)ရက်မှ ဇွန်လိုင်လ(၁၆)ရက်၊ ၂၀၂၃ခုနှစ်



**ကရင်နီပြည် အရှေ့ဘက်ခြမ်း စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်သူ ၅၀၀၀ ဦးရှိ**

လွန်ခဲ့သော နှစ်ပတ်အတွင်း ကရင်နီပြည်၏ အနောက်မြောက်နှင့် အရှေ့ဘက်ခြမ်းအတွင်း အရပ်သားများရှိသော နေရာများသို့ စစ်ကောင်စီတပ်များသည် ဇူလိုင် ၁၁ရက်နေ့ ညသန်းခေါင်အချိန်တွင် ထိုင်း-မြန်မာ နယ်စပ်အနီးရှိ ဒေါနိုးကူးစစ်ဘေးရှောင်စခန်းအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး သုံးဦး ဒါဏ်ရာရရှိခဲ့သည့်အပြင် ဆယ်သဲ သင်ယူလေ့လာရေးစင်တာနှင့် ဆေးပေးခန်းအပါအဝင် အဆောက်အဦးများ ပျက်စီးဆုံးရှုံးသွားခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်လာသူ ဦးရေ ၅၀၀၀ ဦးရှိသည်။

ဇူလိုင်လ ၄ရက်၊ မနက် ၂ နာရီအချိန်ခန့်တွင် ဒီးမော့ဆိုအနောက်ဘက်ခြမ်းစစ်ရှောင်စခန်းတစ်ခုတွင် စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ပေါင်အလေးချိန် ၅၀၀ ရှိသောဗုံးနှင့်(၃)ကြိမ်ဗုံးကြဲခြင်းကြောင့် အသက် (၂) နှစ်နှင့်(၁၀)လ အရွယ်ရှိ ကလေးအပါအဝင် စစ်ရှောင်မိသားစု (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ဗုံးကြဲတိုက်ခိုက်မှုကြောင့် စာသင်ဆောင် (၂)ဆောင်နှင့် ခန်းမဆောင်တစ်ဆောင်တို့အား ပျက်စီးသွားခဲ့ပါသည်။

ဇူလိုင်လ ၅ ရက်၊ လွိုင်လင်လေးမြို့နယ်အခြေစိုက် ခမရ ၅၃၀ တပ်ရင်းသည် လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးမြို့နှင့် မြို့အနီးရှိနေရာများသို့ လက်နက်ကြီးများဖြင့် ၄ ရက်ဆက်တိုက် ရမ်းသန်းပစ်ခတ်မှုများကြောင့် လွိုင်လင်လေးမြို့နယ်၊ လင်ဖိုကြီးကျေးရွာနှင့် နမ်းဟူးကျေးရွာထဲသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ကာ နေအိမ်အချို့ ထိမှန်ပျက်စီးသွားခဲ့သည်။

ဇူလိုင်လ ၆ ရက်နေ့၊ မဲစဲ့မြို့နယ် ပန်တိန်းကျေးရွာ နယ်ခြားစောင့်တပ်စခန်းအမှတ် ၁၀၀၅ အတွင်း နေရာယူထားသည့် စစ်ကောင်စီတပ်များနှင့် ကရင်းပူးပေါင်းတပ်ဖွဲ့များတို့ တိုက်ပွဲပြင်းထန်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ကောင်စီမှ ဝေဟေပစ်ကူ လေယာဉ် ၅ စီးဖြင့် ပစ်ကူတိုက်ခိုက်ခဲ့သည်။

ဇူလိုင်လ ၇ ရက်၊ နံနက် ၄ နာရီ ၃၀ မိနစ်အချိန် ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာတွင် စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူနေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ ထိုတရက်တည်းတွင် ထိုင်း-ကရင်နီနယ်စပ်တစ်နေရာဖြစ်သည့် ကလော်လဲကလိုး တောင်ခြေတွင် စစ်ကောင်စီတပ်နှင့် KA တပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများဖြင့် ပစ်ကူတိုက်ခိုက်ခဲ့သည်။

ဇူလိုင်လ ၉ ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်ထဲကို ရိက္ခာနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်လာသော စစ်ကောင်စီယာဉ်များအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ည ၉ နာရီအချိန်တွင် ကြားဖြတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ကောင်စီတပ်သား ၄ ဦးသေဆုံးပြီး လက်နက်ခဲယမ်းအချို့အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ သိမ်းဆည်းရမိခဲ့သည်။

ဇူလိုင်လ ၁၁ရက်၊ ည သန်းခေါင် ၁၂ နာရီအချိန်တွင် မယ်စဲ့မြို့နယ်၊ ကျောက်စူးကျေးရွာတွင် တိုက်ပွဲဖြစ်ပွား ခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးကာ (၂)ဦးထိခိုက်ဒဏ်ရာရရှိပြီး ခရစ်ယာန်ဘုရားကျောင်းတစ်လုံးနှင့် နေအိမ် (၆)လုံးပျက်စီးခဲ့ပါသည်။ ထိုရက် နံနက် ၁နာရီ ၃၀ မိနစ်အချိန်တွင် ထိုင်း–ကရင်နီနယ်စပ်ရှိ ဒေါနိုးကူးစစ်ရှောင်စခန်းအား စစ်ကောင်စီ တပ်မှလေယာဉ်ဖြင့် ဗုံး (၄)လုံးကြဲခြင်းကြောင့် စစ်ရှောင်အမျိုးသားတစ်ဦးသေဆုံးကာ (၃)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ထိုဗုံးကြဲတိုက်ခိုက်မှုအတွင်း စစ်ဘေးရှောင်၏ ဆေးခန်းတစ်လုံး၊ တယ်သဲကောလိပ် အဆောက်အအုံများဖြစ်သော စာသင်ကျောင်း ၂ လုံး၊ မီးဖိုဆောင်တစ်လုံး၊ ဘော်ဒါဆောင် နှစ်လုံး၊ ဆရာ၊မများ အဆောင်တစ်လုံး၊ ဂိုဒေါင်တစ်လုံး၊ မီးစက်ရုံများနှင့် ဆေးပေးခန်းအပါအဝင် ပြည်သူအိမ် (၆)လုံးခန့် ထိခိုက်ပျက်စီးခဲ့ပါသည်။ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ပြီး ဒေါနိုးကူးစစ်ဘေးရှောင်စခန်းရှိ ပြည်သူ ၅၀၀၀ ကျော်တို့သည် ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေး ခိုလှုံလခဲ့ကြပြီး ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်လာသော အသက် ၅၀ အရွယ်ရှိ ဒေါထွားမယ်သည် ရတ်တရက်သေဆုံးသွားခဲ့သည်။

ဇူလိုင် ၁၂ ရက်၊ မိုးဖြဲမြို့မှ လွိုင်ကော်သို့ မောင်းနှင်လာသည့် စစ်ကောင်စီယာဉ်တန်းသည် လမ်းမကြီး တစ်လျှောက်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခြင်းကြောင့် အသက် ၁၇ နှစ်အရွယ် တစ်ဦးအပါအဝင် အမျိုးသား(၂)ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိမှန်သေဆုံးခဲ့ပါသည်။


လေကြောင်းတိုက်ခိုက်ခံရပြီး ပျက်စီးသွားသော ဒေါနိုးကူးမှ အဆောက်အအုံများ


ဗုံးကြဲတိုက်ခိုက်ပြီး မီးလောင်ပျက်စီးသွားသော ဖရူဆိုအနောက်ခြမ်းရှိ နေအိမ်

ဇူလိုင်လ ၁၅ ရက်၊ မွန်းလွဲ ၂ နာရီခန့်တွင် ဖားဆောင်းမြို့နယ်၌ အသက် (၁၂) နှစ်အရွယ် ကလေးတစ်ဦး နွားကျောင်းနေစဉ် မိုင်းနင်းမိပြီး ညာဖက်ခြေထောက် ဆုံးရှုံးခဲ့ရပါသည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : [www.karennicsn.org](http://www.karennicsn.org)
Facebook: https://www.facebook.com/kcsnengbur
Email: [kcsn2010@gmail.com](mailto:kcsn2010@gmail.com)